ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

THE UNION OF MYANMAR

THE STATE LAW AND ORDER RESTORATION COUNCIL

ပိုးသတ်ဆေးဥပဒေ

PESTICIDE LAW

၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃) ရက်

11th May 1990

ပိုးသတ်ဆေးဥပဒေ

PESTICIDE LAW

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/ ၉၀)

ပိုးသတ်ဆေးဥပဒေ

၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက်
(၁၉၉၀ ပြည့်နှစ်၊ မေလ ၁၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပိုးသတ်ဆေးဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) ပိုးဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့်အခြားပစ္စည်းများကိုနှောင့်ယှက်သော သို့မဟုတ်ဖျက်ဆီးဒသာ ပိုးကောင်များ၊မွှားကောင်များနှင့် အပင်ရောဂါပိုးများကိုဆိုသည်။ ယင်းစကားရပ်တွင်နှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင်၊ အခြားသက်ရှိ စသည်တို့လည်း ပါဝင်သည်။

THE STATE LAW AND ORDER RESTORATION COUNCIL

THE PESTICIDE LAW

(The State Law and Order Restoration Council Law No.10/90)

The 3rd Waning Day of Kason 1352 M.E.

(11th May, 1990)

The State Law and Order Restoration Council hereby enacts the followig law:

CHAPTER I

Title and Definitions

1. This Law shall be called the Pesticide Law.

2. The following expressions contained in this law shall have the meanings given hereunder:-

(a) ***Pest*** means insects, arachnids, organisms causing plant diseases that interfere with or destroy crops, food, human beings, animals and other things. Such expression also includes destructive interfering rodents, moles, snails, and weeds etcetara;

(ခ) **ပိုးသတ်ဆေး** ဆိုသည်မှာ ပုဒ်မခွဲ(က) ပါပိုးကောင်များ၊ မွှားကောင်များနှင့်အပင်ရောဂါပိုးစသည်တို့ကို ကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသောဆေးကိုဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာ ပိုးသတ်ဆေးတွင်ပါဝင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ်အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။

(ဃ) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့်ပစ္စည်းတွင်ဖြစ်စေ၊ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့် အမှတ်အသားများကိုဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကိုဆိုသည်။

(စ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့ကသတ်မှတ်ထားသည့် နယ်မြေအတွင်း၊ ပိုးသတ်ဆေး၏ထိရောက်မှုကို လည်းကောင်း၊ စိုက်ပျိုးစနစ်နှင့်သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း၊ သတ်မှတ်နိုင်ရန် (၂)နှစ်ကာလအတွက် သာသုံးစွဲရန် မှတ်ပုံတင်အဖွဲ့ကထုတ်ပေးသော စမ်းသပ်သုံးစွဲခွင့်ကိုဆိုသည်။

(ဆ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာသီးနှံအလိုက်ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း (၅)နှစ်ကာလအတွက်သာသုံးစွဲရန်မှတ်ပုံတင်အဖွဲ့ကထုတ်ပေးသော သုံးစွဲခွင့်ကိုဆိုသည်။

(ဇ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာ သီးနှံအလိုက်ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း (၁၀)နှစ်ကာလအတွက်သာ သုံးစွဲရန် မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော သုံးစွဲခွင့်ကိုဆိုသည်။

(b) ***Pesticide*** means chemicals used in preventing and controlling insects, arachnids, organisms causing plant diseases etcetara contained in sub-section (a);

(c) ***Active ingredient*** means the biologically active part of the chemical present in the pesticide formulation;

(d) ***Label*** means printed matters and direction for use on or attached to containers or packages containing pesticides;

(e) ***Registration Board*** means the Pesticide Registration Board formed under this Law;

(f) ***Experimental Registration*** means a use permit, issued by the Registration Board for specified application on a limited area, for a maximum period not exceeding 2 years in order to determine the efficacy of a pesticide and the use patterns suitable for the local agricultural practice;

(g) ***Provisional Registration*** means a use permit, issued by the Registration Board for crops and applications given on the label, for a maximum period not exceeding 5 years;

(h) ***Full Registration*** means a use permit, issued by the Registration Board for crops and applications given on the label, for a maximum period not exceeding 10 years;

(ဈ) **အထူးသုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာ မမျှော်လင့်သောပိုးများကျရောက်ခြင်းမှ ကာကွယ်ရန်အလို့ငှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့်ပိုးသတ်ဆေးကို (၁)နှစ်ကာလအတွက်သာ အရေးပေါ်သုံးစွဲရန်မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသောသုံးစွဲခွင့်ကိုဆိုသည်။

(ည) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးကိုဆိုသည်။

(ဋ) **မန်နေဂျာ** ဆိုသည်မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပြည်နယ်၊ တိုင်းမန်နေဂျာ သို့မဟုတ် မြို့နယ်မန်နေဂျာကို ဆိုသည်။

(ဌ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုမှန်၊ မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာသုံးစွဲခြင်းရှိ မရှိ၊ ပိုးသတ်ဆေးတွင်ပါဝင်ရမည့် အဆိပ်ရာခိုင်နှုန်းပြည့်မီခြင်းရှိ မရှိ စသည့်အချက်အလက်များကို စစ်ဆေးနိုင်ရန်အလို့ငှာ ဦးဆောင်ညွှန်ကြားရေးမှူးက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်ကိုဆိုသည်။

(ဍ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းကစ်ရပ်ရပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် သက်ဆိုင်ရာမန်နေဂျာက လုပ်ငန်းလုပ်ကိုင်လိုသူအား ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဎ) **လက်မှတ်ရပိုးသတ်ဆေးပက်ဖျန်းသူ** ဆိုသည်မှာအဆိပ်အတောက်ပြင်းထန်သည့် ပိုးသတ်ဆေးကို သုံးစွဲရာတွင်ကျွမ်းကျင်စွာကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုထားသူကိုဆိုသည်။

(i) ***Special Use Permit*** means a permit, issued by the Registration Board as emergency use, for a maximum period not exceeding 1 year for applying any pesticide considered inevitable for the control and prevention of occurance of any unexpected pest incidence;

(j) ***Managing Director*** means the Managing Director of the Myanma Agriculture Service;

(k) ***Manager*** means State and Division Manager or Township Manager of the Myanma Agriculture Service;

(l) ***Inspector*** means the person to whom duties have been assigned by the Managing Director for the inspection and or verification of compliance with the provisions of this law as to proper use, safe handling and percent active ingredients of pesticides;

(m) ***Licence*** means a permit issued by the Managing Director or the respective Managers to a person desirous to engage in any type of pesticide business permitted under this Law;

(n) ***Certified Pesticide Applicator*** means a person recognized by the Registration Board as being qualified in the use of highly toxic pesticide.

အခန်း(၂)

မှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကဆောင်ရွက်ပေးရမည်။

အခန်း(၃)

မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ မှတ်ပုံတင်အဖွဲ့သည် နမူနာလက်ခံရရှိသည့် မည်သည့်ပိုးသတ်ဆေးသို့မဟုတ် အဆိပ်ရှိပစ္စည်းကိုမဆို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်း ရာခိုင်နှုန်းပြည့်မီစွာ ပါဝင်ခြင်းရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း၊ သီးနှံဖျက်ပိုးအား နှိမ်နင်းရာတွင် ထိရောက်မှုရှိ မရှိ စိုက်ခင်းတွင်လက်တွေ့စမ်းသပ်ခြင်းတို့ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်ရန် ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှပြည်တွင်းသို့ အသင့်ဖော်စပ်ပြီး သောပိုးသတ်ဆေး၊ သို့မဟုတ် အဆိပ်ရှိပစ္စည်းတင်သွင်းလိုသူက မှတ်ပုံတင်ပေး ရန်လျှောက်ထားလာသော လျှောက်လွှာနှင့်စပ်လျဉ်း၍ စိစစ်ပြီးမှတ်ပုံတင်ပေး ခြင်း၊ သို့မဟုတ်ငြင်းပယ်ခြင်းပြုနိုင်သည်။

CHAPTER II

Formation of Registration Board

3. The Government shall form a Registration Board with suitable citizens. In forming such a Board, the Chairman and the Secretary shall be specified concurrently.

4. The Myanma Agriculture Service shall undertake the official function of the Registration Board.

CHAPTER III

Duties and Powers of the Registration Board

5. The Registration Board shall direct the Myanma Agriculture Service to analyse and test pesticides or any active ingredient received as samples as to conformity with the content of ingredient as claimed on the label; and to undertake bio-efficacy trials on crops for determining effectiveness in practical use.

6. The Registration Board after evaluation of the application for registration of formulated pesticides or active ingredients to be imported into the country may have the right either to accept or reject the applications.

၇။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်းတွေ့ရှိပါက မှတ်ပုံတင်ခွင့်ရရှိထားသော မည်သည့်ပိုးသတ်ဆေးကိုမဆို သုံးစွဲခြင်းမပြုရန် တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်-

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်း ရရှိသည့်အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊တိရစ္ဆာန်သီးနှံနှင့်ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်ကတင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရာခိုင်နှုန်း ပြည့်မီမှုမရှိခြင်း သို့မဟုတ်အရည်အသွေးပြည့်မီမှု မရှိခြင်းတို့ကို စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သော ပြည်ပကုမ္ပဏီ သို့မဟုတ် ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ရောင်းချသူက ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားလာခြင်း၊

၈။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် မည်သည့်ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့်မှတ်ပုံတင် ထုတ်ပေးနိုင်သည်။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ်အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ရာတွင် လည်းကောင်း၊ ကိုင်တွယ်သုံးစွဲရာတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ သိုလှောင်ရာတွင်လည်းကောင်း၊ ရောင်းချရာတွင် လည်းကောင်း အန္တရာယ်ကင်းရှင်းရေးအတွက် အခါအားလျော်စွာ ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

7. The Registration Board shall prohibit the use of any registered pesticide in the event of one or any of the following conditions. If necessary, the registration or licence may be withdrawn:

(a) data, obtained either in the Union of Myanmar or abroad indicates that the pesticide is harmful to human beings, animals, crops and environment;

(b) finding on re-checking that it has not met the quality specification upon which the registration was based on ;

(c) on being requested to discontinue the use by the applicant who may be either the foreign manufacturing company or the local formulator.

8. The Registration Board may in emergencies issue a special use permit for a maximum period not exceeding 1 year for applying any pesticide considered inevitable for the control and prevention of any occurrance of unexpected pest incidences.

9. The Registration Board, based upon international recommendations, may issue safety guidelines in the manufacture, formulation, handling, use, transportation, storage and sale of pesticides.

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်ရန်ရှိသော ပိုးသတ်ဆေး စာဟ်ခွဲခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတို့၏ အကြံဉာဏ် ကိုရယူနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုဖြစ်စေ၊ ပြည်တွင်းတွင်ဖော်စပ်ရောင်းချသော ပိုးသတ်ဆေးကိုဖြစ်စေ အဆိပ်အမျိုးအစားနှင့် အခြားပစ္စည်းအမျိုးအစား ပါဝင်မှုရာခိုင်နှုန်းကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရှိရမည်။

အခန်း (၄)

မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၂။ အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှပြည်ပသို့ တင်ပို့ခြင်း ပြုလုပ်လိုသူသည် အောက်ဖော်ပြပါ မှတ်ပုံတင်တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်၊
(ခ) ယာယီသုံးစွဲခွင့်မှတ်ပုံတင်၊
(ဂ) အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်၊
(ဃ) အထူးသုံးစွဲခွင့်မှတ်ပုံတင်။

၁၃။ ပုဒ်မ ၁၂ အရ မှတ်ပုံတင်လျှောက်ထားသူသည် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ ဓာတ်ခွဲစစ်ဆေးထားသည့်နမူနာကို သုံးစွဲရန်အညွှန်းနှင့်အတူ သတ်မှတ်အရေအတွက် သို့မဟုတ် သတ်မှတ်အလေးချိန်အတိုင်း မှတ်ပုံတင်အဖွဲ့သို့ လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်။

10. The Registration Board may seek advice from specialists concerning analysis of pesticide and bio-efficacy trials on cultivated crops as required under section 5.

11. The Registration Board shall treat the data submitted for foreign or local pesticide products or active ingredients as confidential proprietary data.

CHAPTER IV

Application for Registration and Payment of Fees

12. Any person desirous of importing formulated pesticides and active ingredients or export of the same must have one of the following registration / use permit. An application in the prescribed form shall be submitted to the Registration Board.

(a) experimental registration;
(b) provisional registration;
(c) full registration;
(d) special use permit.

13. An applicant for registration under section 12 shall send to the Registration Board the application together with a sample of chemically analysed formulated pesticide or active ingredient in the prescribed quantity and weight, and instructions for use.

၁၄။ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ် ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးဆောင်ညွှန်ကြားရေးမှူးထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၁၅။ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ ပြည်နယ်သို့မဟုတ် တိုင်း မန်နေဂျာထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၁၆။ ပုဒ်မ ၁၄ သို့မဟုတ် ပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူမှအပ ပိုးသတ်ဆေးသို့မဟုတ် အဆိပ်ရှိပစ္စည်း ရောင်းချလိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်မန်နေဂျာထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၁၇။ ပုဒ်မ ၁၂ အရ လျှောက်ထားရာတွင် မှတ်ပုံတင်ရရှိသူသည်မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသော မှတ်ပုံတင်ခကို သတ်မှတ်သည့်နည်းလမ်းအတိုင်းပေးဆောင်ရမည်။

၁၈။ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ သို့မဟုတ် ပုဒ်မ ၁၆ အရ လျှောက်ထားရာတွင် လိုင်စင်ရရှိသူသည် ဦးဆောင်ညွှန်ကြားရေးမှူးက သတ်မှတ်ထားသော လိုင်စင်ခကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

၁၉။ အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလိုသူ သို့မဟုတ် ပြည်တွင်းမှပြည်ပသို့ တင်ပို့လိုသူသည် ပေးဆောင်ရန်ရှိသော ဓာတ်ခွဲစမ်းသပ်ခကို မှတ်ပုံတင်အဖွဲ့က သတ်မှတ်သော နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

14. A person desirous of engaging in pesticide formulation and sale in the country from imported active ingredients shall, for the purpose of obtaining a licence, apply to the Managing Director in the prescribed application form.

15. A person desirous of engaging in re-packing and sale of imported pesticides, within the country, shall for the purpose of obtaining a licence, apply to the State or Division Manager in the prescribed application form.

16. Other then the licence holders under section 14 or section 15, a person desirous of selling pesticide shall, for the purpose of obtaining a licence, apply to the respective Township Manager in the prescribed application form.

17. A person, obtaining a registration on application made under section 12, shall pay the prescirbed registration fees according to the procedure laid down by the Registration Board.

18. A person obtaining a licence on application under section 14, section 15 or section 16 shall pay the prescribed licence fee according to the procedure laid down by the Managing Director.

19. Any person desirous of importing into the country or exporting from the country any pesticide or active ingredient shall pay the analytical fees prescirbed by the Registration Board in foreign currency and in accordance with the procedure laid down.

အခန်း(၅)

ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ ဦးဆောင်ညွှန်ကြားရေးမှူးသည်-

(က) ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ရောင်းချလိုသူက လျှောက်ထားလာသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီးလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရ လိုင်စင်ရရှိသူသည် လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိပါက လိုင်စင်ကိုဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ လိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့်ကိစ္စတွင် လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို လိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ပိုးသတ်ဆေးနှင့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်းပြုနိုင်သည်။

(c) သီးနှံစိုက်ခင်းတွင် ပိုးသတ်ဆေး စမ်းသပ်သုံးစွဲသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ပိုးသတ်ဆေး ရောင်းချသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်စေ မန်နေဂျာများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(စ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ရမည်။

CHAPTER V

Duties and Powers of the Managing Director

0. The Managing Director:-

(a) may after scrutiny, issue or refuse a licence with respect to the application of a person desirous of formulating and selling pesticide in the country;

(b) may suspend or withdraw the licence if the holder of a licence under sub-section (a) is found to have contravened one or any of the conditions stipulated in the licence,

(c) may administer as deemed necessary the remaining stock of pesticide in possession of the licence holder in case the licence is suspended or withdrawn under sub-section (b);

(d) may confiscate, dispose, or administer as may be deemed necessary the pesticide and exhibits in cases where action is being taken for contravention of any of the provisions prescribed in this Law;

(e) may direct the managers from time to time as may be necessary on matters concerning experimental use of pesticide on cultivated crops or on the sale of pesticide;

(f) shall carry out the duties assigned by the Registration Board from time to time.

အခန်း(၆)

မန်နေဂျာများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၁။ ပြည်နယ် သို့မဟုတ် တိုင်းမန်နေဂျာသည်-

(က) ပုဒ်မ ၁၅ အရ လျှောက်ထားသော လျှောက်လွှာနှင့်စပ်လျဉ်း၍ စိစစ်ပြီးလိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင် သည်၊

(ခ) မိမိကြီးကြပ်ကွပ်ကဲရသော မြို့နယ်များအတွင်း ပိုးသတ်ဆေး၊ ကိုင်တွယ်သုံးစွဲမှု၊ ရောင်းချမှု၊ သိုလှောင်မှုတို့နှင့် စပ်လျဉ်း၍ **မြို့နယ်မန်နေဂျာများ**၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ **စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း** ပြုလုပ်ရမည်၊

(ဂ) ပုဒ်မခွဲ(က) အရ **ထုတ်ပေးထားသော လိုင်စင်**နှင့်စပ်လျဉ်း၍ လိုင်စင်တွင် ဖော်ပြပါရှိသော **စည်းကမ်းချက်တစ်ရပ်ရပ်**ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက **လိုင်စင်ကိုဆိုင်းငံ့**ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်၊

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူးက အခါအားလျော်စွာပေးအပ်သော တာဝန်များကိုဆောင်ရွက်ရမည်။

၂၂။ **မြို့နယ်မန်နေဂျာ**သည်-

(က) **ပုဒ်မ ၁၆ အရ** လျှောက်ထားသော လျှောက်လွှာနှင့်စပ်လျဉ်း၍ **စိစစ်ပြီး လိုင်စင်ထုတ်**ပေးခြင်း သို့မဟုတ်ငြင်းပယ်ခြင်း ပြုနိုင်သည်။

CHAPTER VI

Duties and Powers of the Managers

21. State or Division Managers:-

(a) may after scrutiny, issue or refuse a licence with respect to the application made under section 15;

(b) shall from time to time inspect and supervise the functions of the Township Managers under his jurisdiction, concerning matters relating to the handling and use, sale, and storage of pesticides;

(c) may suspend or withdraw a licence issued under subsection (a) for contravention of any of the conditions stipulated in the licence;

(d) shall carry out the duties assigned by the Managing Director from time to time.

22. Township Managers:-

(a) may after scrutiny issue or refuse the licence with respect to the application made under section 16;

(ခ) ပုဒ်မခွဲ(က) အရ ထုတ်ပေးထားသောလိုင်စင်နှင့် စပ်လျဉ်း၍ လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက လိုင်စင်ကိုဆိုင်းငံ့ခြင်း သို့မဟုတ်ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဂ) မိမိမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးရောင်းချသူများ လက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်းပြုလုပ်နိုင် သည်။

(ဃ) ပိုးသတ်ဆေး မမှန်မကန်ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီသက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူကို ဥပဒေအရတရားစွဲဆိုရမည်။

(င) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ဦးဆောင်ညွှန်ကြားရေးမှူးကဖြစ်စေ၊ ပိုးသတ်ဆေး၏ ထိရောက်မှုနှင့်ကာကွယ်နိုမ်နင်းနိုင်မှု စွမ်းအားကို မိမိမြို့နယ်အတွင်းစမ်းသပ်ရန် ညွှန်ကြားလာသည့်လုပ်ငန်းတွင်ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်ရမည်။

(စ) စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းပြုလုပ်ရမည်။

(ဆ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများကို မှတ်ပုံတင်အဖွဲ့သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးက ညွှန်ကြားထားသည့်အတိုင်းလိုက်နာဆောင်ရွက်ခြင်းရှိ မရှိစစ်ဆေးရမည်။

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူးက အခါအားလျော်မှာပေးအပ်သော တာဝန်များကိုဆောင်ရွက်ရမည်။

(b) may suspend or withdraw a licence issued under sub-section (a) for contravention of any of the conditions stipulated in the licence;

(c) may inspect the stocks of pesticides in possession of the sellers in his Township and take samples;

(d) shall take legal action against anyone who engages in the sale of pesticides in contravention of the provisions of this Law and seize the stocks (exhibits) as provided under the Law;

(e) shall personally conduct and supervise the bio-efficacy trial of pesticides in his township when directed by the Registration Board or the Managing Director.

(f) shall inspect and supervise the performance of the inspectors from time to time;

(g) shall inspect the user's compliance to directives of the Registration Board or the Managing Director in the disposal of empty containers and packing materials;

(h) shall carry out the duties assigned by the Managing Director from time to time.

အခန်း(၇)

အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းမှတ်ပုံတင် ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၃။ အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခွင့်၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခွင့်မှတ်ပုံတင်ရရှိသူသည်-

(က) မှတ်ပုံတင်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခ၊ ဓာတ်ခွဲစမ်းသပ်ခတို့ကိုပေးဆောင်ရမည်၊

(ဂ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဃ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သောစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(င) ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခွင့်၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခွင့်နှင့် စပ်လျဉ်း၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်၊

(စ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင် သက်တမ်း တိုးမြှင့်ရန် လျှောက်ထားရမည်။

CHAPTER VII

Duties and Rights of the Person Dealing with Registered Pesticide

23. The person dealing with import into the country or export from the country of registered pesticide:-

(a) has rights to do business within the duration of registration period;

(b) shall pay the registration fees and analytical fees payable;

(c) shall comply with the conditions stipulated in the registration certificate;

(d) shall comply with regulations and directives prescribed by the Registration Board from time to time;

(e) shall obtain the permission of the Directorate of Trade in respect of import into the country and export from the country;

(f) shall apply for renewal on expiry of the registration period, if desirous of continuing business.

အခန်း(၈)

ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၄။ ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့် လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ ဓာတ်ခွဲစမ်းသပ်ခတို့ကိုပေးဆောင်ရမည်၊

(ဂ) လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်းပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင် ဖော်စပ်ရမည်။

(ဃ) ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှု အဆင့်အတန်း၊ အသုံးပြုရမည့်ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှု အန္တရာယ်မှ ကင်းရှင်းရန် နည်းလမ်းများကိုလည်း ဖော်ပြရမည်၊

(င) ဖော်စပ်ရောင်းချသည့် ပိုးသတ်ဆေးဘူးသို့မဟုတ် ပုလင်း သို့မဟုတ် အခဲကို ထုပ်ပိုးရာတွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ကုန်အမှတ်တံဆိပ်ကို ကပ်ထားရမည်၊

(စ) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဆ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဇ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ရန် လျှောက်ထားရမည်။

CHAPTER VIII

Duties and Rights of the Person Holding Licence to Formulate and Sell Pesticide

24. The person holding licence for formulation and selling of pesticides;-

(a) has rights to do business within the duration of the licence;

(b) shall pay the licence fees, analytical fees payable;

(c) shall formulate in conformity with the quality standard specified at the time of the application for licence;

(d) shall describe in the directions for use the name of the pesticide, type of pests applicable, hazard class, dosage rate and safety precautions;

(e) shall affix on the containers, or bottles, or packages of solids of the pesticide for sale, the approved label furnished at the time the licence was applied for;

(f) shall comply with conditions stipulated in the licence;

(g) shall comply with the conditions and directives prescribed by the Myanma Agriculture Service from time to time;

(h) shall apply for renewal on expiry of the licence if desirous of continuing business.

အခန်း (၉)

ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ရောင်းချွင့်လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ရောင်းချွင့်လိုင်စင် ရရှိ သူသည်-

(က) လိုင်စင်ပါ သက်တမ်းနှင့် အညီလုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခကို ပေးဆောင်ရမည်၊

(ဂ) လိုင်စင်လက်မှတ်ကို ဆိုင်တွင်မြင်သာအောင် ချိတ်ဆွဲထားရမည်၊

(ဃ) ရောင်းချသည့် ပိုးသတ်ဆေးများ၏ အာနိသင် ကျဆင်းစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာနှင့် ရောနှောခြင်း၊ ပြုပြင်ခြင်း၊ မမှန်မကန် ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ၊

(င) လိုင်စင်တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များကို လိုက်နာရမည်၊

(စ) အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးကို သက်ဆိုင်ရာမန်နေဂျာက ထုတ်ပေးသော ဝယ်ယူခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ရောင်းချရမည်၊

(ဆ) စစ်ဆေးရေးမှူး၊ သို့မဟုတ် မန်နေဂျာက လာရောက်စစ်ဆေးသည့် အခါ စစ်ဆေးခြင်းကို ခံယူရမည်၊

(ဇ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ဝယ်ယူရောင်းချသည့် မှတ်တမ်းများ ထားရှိရမည်၊

(ဈ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်၊

CHAPTER IX

Duties and Rights of the Licence Holder for Selling Pesticide

25. A person holding a licence to sell pesticide:-

(a) has rights to do business within the duration of the licence;

(b) shall pay the licence fees payable;

(c) shall affix the licence in the shop conspicuously;

(d) shall not falsely advertise for sale, nor in order to lower the potency of pesticide offered for sale; mix or modify with any other substances;

(e) shall comply with the conditions stipulated in the licence;

(f) shall sell highly hazardous pesticide only to a person able to produce a purchase permit issued by the Managers concerned;

(g) shall submit to inspection when the Manager or Inspector comes for inspection;

(h) shall keep a record of purchase and sale of pesticide;

(i) shall apply for renewal on the expiry of licence if desirous of continuing business.

အခန်း(၁၀)

ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့်စည်းကမ်းများ

၂၆။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာ၍သုံးစွဲရမည်၊

(ခ) အန္တရာယ်ကြီးမားသည့် ပိုးသတ်ဆေး သုံးစွဲလိုပါက သက်ဆိုင်ရာ မန်နေဂျာထံမှ ခွင့်ပြုချက်ရယူပြီး လက်မှတ်ရပိုးသတ်ဆေးပက်ဖျန်းသူကို ငှားရမ်းသုံးစွဲရမည်၊

(ဂ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အခါအားလျော်စွာထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ် ကင်းရှင်းစွာ ကိုင်တွယ်နည်းများအတိုင်း လိုက်နာသုံးစွဲရမည်၊

(ဃ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များအလွယ်တကူ လက်လှမ်းမီသော နေရာတွင်ထားရှိခြင်း မပြုလုပ်ရ၊

(င) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(စ) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကိုသိုလှောင်ရာတွင်လည်းကောင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် စပ်လျဉ်း၍မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အခါအားလျော်စွာထုတ်ပြန်သော ပညာပေး လမ်းညွှန်မှုများကို လိုက်နာရမည်၊

CHAPTER X

Conditions for Compliance by the User

26. The user of pesticides:-

(a) shall follow use instructions shown on the label;

(b) shall obtain a purchase permit from the respective Manager when the use of highly hazardous pesticide is required; and hire a certified applicator for its application;

(c) shall follow pesticide safe handling instructions published by the Myanma Agriculture Service from time to time;

(d) shall not keep pesticides in close proximity of foodstuffs, nor within easy reach of children;

(e) shall comply with the directives of the Registration Board or Managing Director regarding the disposal of empty containers, wrappers and packages of pesticides;

(f) shall comply with educational directives published from time to time by the Myanma Agriculture Service concerning the use of pesticides in the storage of harvested crops or in cultivated fields.

အခန်း(၁၁)

စစ်ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၇။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်းရှိဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့်နယ်မြေအတွင်းရှိဖြစ်စေ၊ ပိုးသတ်ဆေး ရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေး ခြင်း။

(ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို လုပ်ဆုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)အရ အရေးယူဆောင်ရွက်ရာတွင် သိမ်းဆည်းရမိသော ပိုးသတ်ဆေးများနှင့် သက်သေခံပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အိတ်နှင့်ထုပ်ပိုးပစ္စည်းများကို ပြန်လည်သုံးစွဲခြင်းမပြုနိုင်စေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီစီမံခန့်ခွဲခြင်း၊

(င) မြို့နယ်မန်နေဂျာက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း၊

၂၈။ စစ်ဆေးရေးမှူး၏ လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

CHAPTER XI

Duties and Powers of the Inspector

27. The inspector shall perform the following duties:-

(a) inspecting the sale and use of pesticides in the area within his jurisdiction or in a specified area assigned to him;

(b) taking action in accordance with the procedures against any person contravening any prohibition contained in this Law;

(c) administering in accordance with the procedures regarding pesticides and exhibits seized in taking action under sub-section (b);

(d) administering in accordance with the procedures to prevent the re-use of empty containers, packing materials of pesticide;

(e) to carry out the duties assigned by the Township Managers from time to time.

28. The powers of the Inspectors are as follows:-

(a) inspecting as to compliance with the provisions of this Law;

(ခ) ပိုးသတ်ဆေးများ ထုပ်ပိုးပုံ၊ သိုလှောင်ပုံနှင့် ဖြန့်ဖြူးရောင်းချခြင်း တို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း၊

(ဂ) သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ပိုးသတ်ဆေး ဝယ်ယူရောင်းချသည့် မှတ်တမ်းများကိုစစ်ဆေးခြင်း၊

(င) စစ်ဆေးရန်အတွက် ပိုးသတ်ဆေးများကို နမူနာရယူခွင့်ရှိခြင်း၊

(စ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ ရှိပါက မြို့နယ်မန်နေဂျာထံ တင်ပြပြီး ယင်းက ညွှန်ကြားသည့် အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

အခန်း (၁၂)

အယူခံခြင်း

၂၉။ (က) ဤဥပဒေအရ မန်နေဂျာတစ်ဦးဦးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အမိန့်လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းဦးဆောင်ညွှန်ကြားရေးမှူးထံ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အမိန့်လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ ဝန်ကြီးထံအယူခံနိုင်သည်။

(ဂ) လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

(b) inspecting according to procedures the conformity with the methods of packing, storage, distribution and sale of pesticides as stipulated in the licence;

(c) inspecting of conformity with the use of pesticides for crops in accordance with the instructions described in the label;

(d) inspecting the records of purchase and sale of pesticides;

(e) having the right to collect sample of pesticides for analysis;

(f) reporting to the Township Manager on findings of unauthorized cases of selling pesticide and to comply with the directions given by him.

CHAPTER XII

Appeals

29. (a) Any person not satisfied with the order or decision made by any manager under this Law may appeal to the Managing Director within 30 days of the receipt of such order or decision;

(b) Any person not satisfied with the order or decision made by the Manging Director under sub-section (a) may appeal to the Minister for Agriculture and Forests within 30 days of the receipt of such order or decision;

(c) The decision of the Minister for Agriculture and Forests shall be final.

အခန်း (၁၃)

တားမြစ်ချက်များ

၃၀။ မည်သူမျှခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပြည်ပမှ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်း မပြုလုပ်ရ။

၃၁။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ဖော်စပ်ရောင်းချသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုလုပ်ရ။

၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့် ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း လုပ်ကိုင်ခြင်း မပြုလုပ်ရ။

၃၃။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ရောင်းချခြင်း မပြုလုပ်ရ။

၃၄။ လိုင်စင်ရရှိသူသည် ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေရောင်းချရာတွင် အညွှန်းစာနှင့် ကုန်အမှတ်ကဲ့ဆိပ်မပါဘဲ ရောင်းချခြင်း မပြုလုပ်ရ။

၃၅။ မည်သူမျှပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ၊ ပိုးကျသည့် အန္တရာယ်ကာကွယ်နိမ့်နှင်းသည့် ကိစ္စမှအပ လူအများစားသုံးသည့် သီးနှံအစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းသုံးစွဲခြင်း မပြုလုပ်ရ၊ ထို့ပြင်မည်သူမျှ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲလျက် ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်းမပြုလုပ်ရ။

CHAPTER XIII

Prohibitions

